# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၃) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၄:၃၀) နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၇,၆၆၀,၅၂၃) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၆၈၀,၈၉၄) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ (၁-၈-၂၀၂၀) | COVID-19 ဖြစ်ပွားသူဦးရေ (၂-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာ အသစ် | ရောဂါကြောင့် သေဆုံးသူဦးရေ (၂-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၉.၁ | ၄,၄၅၆,၃၈၉ | ၄,၅၂၃,၈၈၈ | ၆၇,၄၉၉ | ၁၅၂,၆၃၀ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၂,၆၁၀,၁၀၂ | ၂,၆၆၂,၄၈၅ | ၅၂,၃၈၃ | ၉၂,၄၇၅ |
| ၃။ | အိန္ဒိယ | ၁၃၆၈.၇ | ၁,၆၉၅,၉၈၈ | ၁,၇၅၀,၇၂၃ | ၅၄,၇၃၅ | ၃၇,၃၆၄ |
| ၄။ | ရုရှ | ၁၄၃.၉ | ၈၄၅,၄၄၃ | ၈၅၀,၈၇၀ | ၅,၄၂၇ | ၁၄,၁၂၈ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၄၉၃,၁၈၃ | ၅၀၃,၂၉၀ | ၁၀,၁၀၇ | ၈,၁၅၃ |
| ၆။ | မက္ကဆီကို | ၁၂၈.၉ | ၄၁၆,၁၇၉ | ၄၂၄,၆၃၇ | ၈,၄၅၈ | ၄၆,၆၈၈ |
| ၇။ | ပီရူး | ၃၂.၉ | ၄၀၇,၄၉၂ | ၄၀၇,၄၉၂ | ၀ | ၁၉,၀၂၁ |
| ၈။ | ချီလီ | ၁၈.၃ | ၃၅၅,၆၆၇ | ၃၅၇,၆၅၈ | ၁,၉၉၁ | ၉,၅၃၃ |
| ၉။ | အီရန် | ၈၂.၈ | ၃၀၄,၂၀၄ | ၃၀၆,၇၅၂ | ၂,၅၄၈ | ၁၆,၉၈၂ |
| ၁၀။ | ယူနိုက်တက်ကင်းဒမ်း | ၇၉ | ၃၀၃,၁၈၅ | ၃၀၃,၉၅၆ | ၇၇၁ | ၄၆,၁၉၃ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၂-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၁-၈-၂၀၂၀) | (၂-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၇၈,၃၀၅ | ၂၇၈,၃၀၅ | ၀ | ၅,၉၅၁ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၃၇,၆၆၁ | ၂၃၉,၈၆၀ | ၂,၁၉၉ | ၃,၁၃၂ |
| (ဂ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၀၈,၃၇၆ | ၁၀၉,၉၃၆ | ၁,၅၆၀ | ၅,၁၉၃ |
| (ဃ) | ဖိလစ်ပိုင် | ၁၀၉.၆ | ၉၃,၃၅၄ | ၉၈,၂၃၂ | ၄,၈၇၈ | ၂,၀၃၉ |
| (င) | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁၄၂၀.၁ | ၈၈,၁၂၂ | ၈၈,၃၀၂ | ၁၈၀ | ၄,၆၇၄ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၂,၂၀၅ | ၅၂,၅၁၂ | ၃၀၇ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၃၁၂ | ၃,၃၁၇ | ၅ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၅၅၈ | ၅၉၀ | ၃၂ | ၃ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၅၃ | ၃၅၃ | ၀ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) အပြင်ထွက်တိုင်းနှင့် လူစုလူဝေးရှိသည့်နေရာများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန